ဝလံတဲကျေးရွာ

မတူပီမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝလံတဲကျေးရွာ၊ မတူပီမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


မာတိကာ ၁
စကားချီး ၄
ဝလံတဲကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မတူပီမြို့နယ် ၆
**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်** ၇
(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်
( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉
(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
( ခ ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉
(က) လူဦးရေဆိုင်ရာ အချက်လက်များ
( ခ ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ
( စ ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၁
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
( ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
( ဂ ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
( ဇ ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး
( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
( ခ ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၉

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
( ခ ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံချက်ဇယားများ** ၃၂

(၁) ကျေးရွာ၏ လူမှုစီးပွားရေး အခြေအနေ
ဇယား (၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား (၄) ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား (၅) ဥစ္စာဓန အဆင့် အခြေအနေ
ဇယား (၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား (၇) ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား (၉) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား (၁၄) အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား (၁၆) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉)  မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား (၂၀)  မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား (၂၁)  စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၂)  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား (၂၃)  ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား (၂၄)  ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား (၂၅)  သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား (၂၆)  သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး အစီအမံများ
ဇယား (၂၇)  မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား (၂၈)  ကျောင်းအပ်နှုန်း
ဇယား (၂၉)  စာသင်ကျောင်းဆောင် အခြေအနေ
ဇယား (၃၀)  ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား (၃၁)  အဖြစ်များသော ရောဂါများ
ဇယား (၃၂)  ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား (၃၃)  သောက်သုံးရေ ရရှိမှု
ဇယား (၃၄)  သန့်ရှင်းရေး အခြေအနေ
ဇယား (၃၅)  ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား (၃၆)  ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား (၃၇)  သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၃၈)  လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၃၉)  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား (၄၀)  ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား (၄၁)  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား (၄၂)  မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၄
ဇယား  (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား  (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)  ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)** ၆၆
ဇယား  (၄၅)  ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၇၃

**အပိုင်း (ခ)  စီမံချက်ဆိုင်ရာ အချက်အလက်** ၇၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသောမွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျေးရွာတွင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်လုပ်ဆောင်ဖူးခဲ့ကြသော်လည်း ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများကို တွင်ကျယ်စွာသုံးစွဲလုပ်ဆောင်ခြင်း နည်းပါးနေပါသေးသည်။ အားလုံးပူးပေါင်းပါဝင်ပြီး ကျေးရွာစီမံကိန်းများရေးဆွဲခြင်းနည်းလမ်းကိုအသုံးပြု၍ အချင်းချင်းတိုင်ပင်ဆွေးနွေး အဖြေရှာတတ်လာစေရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဦးဆောင်ညွှန်ကြားမှုဖြင့် မတူပီမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုစီစဉ်ပြီး ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွဲဖက်လုပ်ဆောင်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင်ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမ ကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင် ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ် အဆင့် အစိုးရဌာနများနှင့် အထက်အဆင့်တာဝန်ရှိသူအစိုးရအဖွဲ့များ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာ(၃၀) ရက်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝလံတဲကျေးရွာ
မတူပီမြို့နယ်၊ ချင်းပြည်နယ်

ဝလံတဲကျေးရွာပြမြေပုံ၊မတူပီမြို့နယ်၊ချင်းပြည်နယ်



## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာ တွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန် သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

### (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်

လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ပထဝီဝင်အနေအထားအရ ချင်းပြည်နယ်(ဝလံတဲကျေးရွာ) သည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အိန္ဒိယနိုင်ငံတို့နှင့်နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ မတူပီမြို့နယ်သည်ချင်းပြည်နယ် တောင်ပိုင်းဒေသတွင်တည်ရှိပြီး၊ မင်းတပ်မြို့၊ ကန်ပက်လက်မြို့များနှင့် ထိဆက်လျှက်ရှိပါသည်။ ဝလံတဲကျေးရွာသည် မတူပီမြို့နယ်၊ ချင်းပြည်နယ်တောင်ပိုင်းတွင်တည်ရှိသော ချင်းရွာတစ်ရွာဖြစ်ပါသည်။ တောင်တန်းထူထပ်သောဒေသဖြစ်ပြီး၊ သဘာဝသယံဇာတအနည်းငယ်ထွက်ရှိသော ဒေသတစ်ခုဖြစ် သည်။

ဝလံတဲကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ တောင်ကုန်းထူထပ်သောဒေ သဖြစ်သည်။ မတူပီမြို့တွင် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လအထိတိုင်းတာချက်အရ မိုးရေချိန်စုစုပေါင်း (၁၁၁.၃၃) လက်မရရှိသောဒေသဖြစ်ပြီး၊ တောတောင်ထူထပ်သောဒေသဖြစ်ပါသည်။ မတူပီ-ပလက်ဝကားလမ်းပေါ်တွင်တည်ရှိပြီး ရေ၊ မြေနှင့် တောင်ယာသစ်တောပေါ်များသော ဒေသဖြစ်ပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲကြောင်း တွေ့ရှိရပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

ပင်ချောင်းမှသဲများထုတ်လုပ်နိုင်သော်လည်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်းမကောင်းသဖြင့်လိုအပ်မှသာသွားဖော်ကြသည်။ သမင်၊ ဂျီ၊ တောဝက်၊ တောင်ဆိတ် နှင့် မျောက်စသည့်တောကောင်များရှိနေသေးသည်။ ဝဥနှင့် သစ်ခွပန်းစသည့် တန်ဖိုးရှိတောထွက်ပစ္စည်းများ ရှိသေးသည်။ ရွှေ့ပြောင်းတောင်ယာစနစ်အသုံးပြုသော်လည်း ရှစ်နှစ်မှာတစ်ခါအလှည့်ကျသည့်အတွက် ထိခိုက်လွယ်မှုနိမ့်သည်။ လယ်မြေများအတွက်ပင်ချောင်းမှ ရေသွယ်ယူနိုင်သည်။ တောတောင်များကျန်ရှိနေသေးသည်။

## (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်မိသားစု (၈၀) ရှိပြီး လူဦးရေစုစုပေါင်း (၄၀၆) ဦးရှိပါသည်။ ပျမ်းမျှမိသားစုတစ်စုလျှင် (၅) ဦးနှုန်းနေထိုင်ကြပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၅၅.၄၂% ရှိပြီးလူဦးရေစုစုပေါင်း၏ ၄၄.၅၈% သည် မှီခိုသူများဖြစ်ကြသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ရွှေ့ပြောင်းတောင်ယာလုပ်ငန်း၊ လယ်လုပ်ငန်းနှင့် ဥယျာဉ်ခြံ (ဝ၃) ခြံလုပ်ငန်းများမှ အဓိက ဝင်ငွေရရှိကြသည်။ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဆင်ပြေသောအိမ်ထောင်စုများသည် ဧက (၅_၁၀) ထိသာပိုင်ဆိုင်ကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးသောသီးနှံနှင့် စိုက်ပျိုးနိုင်မှုအပေါ်တွင်အနည်းငယ်မူတည်ပါသည်။ အခြားအိမ်ထောင်စုများမှာမြေရှိသော်လည်း စိုက်ပျိုးခြင်းမရှိကြပေ။ ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ သံဖိနပ်အိမ်မျိုးတွင် အဆင်ပြေသော အိမ်ထောင်စုများနေထိုင်ကြပြီး၊ ဝါးကာ၊ ဝါးခင်း၊ သက်ကယ်မိုးများတွင် အလွန်ဆင်းရဲသောအိမ်ထောင်စုများနေထိုင်ကြကြောင်း တွေ့ရှိရသည်။ အခြားပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဆိုင်ကယ်၊ ဖုန်း၊ တီဗွီ၊ ဆိုလာ၊ ဘက္ထရီ၊ စလောင်း၊ ရေဒီယို၊ နွားနောက်နှင့် ကျွဲစသည့်ပိုင်ဆိုင်မှုများအား ချမ်းသာသောအိမ်ထောင်စုများမှ ပိုင်ဆိုင်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၃၆) ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြပြီး၊ (၁၃) ရာခိုင်နှုန်းခန့်မှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေးပြေလည်မှုမရှိကြပေ။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(၉)စုနှင့် မုဆိုးဖိုအိမ်ထောင်စု (၆) စုတို့မှာလည်းထိခိုက်လွယ်သောပုဂ္ဂိုလ်များ ဖြစ်ကြောင်းသိရှိရသည်။ မိသားစုစောင့်ရှောက်မှုမရှိသောအသက် (၆၀) နှင့်အထက် ကျား (၈) ဦးနှင့် မ (၃) ဦး၊ စုစုပေါင်း (၁၁) ဦးရှိပါသည်။ မသန်စွမ်းသောလူပုဂ္ဂိုလ်များမှာလည်း ကျား (၁)၊ မ (၅)၊ စုစုပေါင်း (၆) ရှိကြောင်းသိရှိရပါသည်။ ၎င်းတို့အား အသင်းတော်မှထောက်ပံ့မှုများပြုလုပ်ပေးပါသည်။ ပိုးမွှားရောဂါကျရောက်ဖျက်ဆီးမှုများ၍ စပါးအထွက်နှုန်းလျော့နည်းပြီး၊ ဝမ်းစာမဖူလုံမှုရှိကြောင်းသိရှိရပါသည်။ ကားလမ်းအသစ်ဖေါက်လုပ်ခြင်းကြောင့်မြေပြိုမှုဖြစ်ပြီး လမ်းမကောင်းခြင်းမိုးရာသီ၌ဖြစ်ပေါ်ခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ယာမြေပြိုမှုများ၊ မြေဆီလွှာတိုက်စားမှုများရှိတတ်သည်။ အနည်းငယ်မျှသာဖြစ်သည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောနှင့်ငှက်ဖျားရောဂါတို့ဖြစ်ကြသည်။ ဝက်များကိုရွာထဲတွင်လွှတ်ထားသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကလေးများတွင်အဖြစ်များသည်။ ငှက်ဖျားရောဂါသည်လည်း ကလေးသူငယ်များတွင် အဖြစ်များလေ့ရှိသည်။ တစ်ကိုယ်ရည်သန့်ရှင်းမှုအားနည်းခြင်းနှင့် ခြင်ထောင်ထောင်အိပ်လေ့မရှိခြင်းကြောင့်ဖြစ်သည်။

ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ (၄) မိုင်အကွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် လက်လှမ်းမီမှုရှိပြီး၊ ဆေးရုံနှင့်ဆေးဆိုင်များကျေးရွာတွင်မရှိပါ။ ကျန်းမာရေးဆိုင်ရာဗဟုသုတ အနည်းငယ်သာရှိပြီး၊ ငှက်ဖျားလွန်စွာပေါ်များခဲ့သောဒေသဖြစ်သည်။ အာဟာရအပိုင်းနှင့်ပတ်သက်၍ ဟင်းသီးဟင်းရွက်၊ ပြောင်းဖူးနှင့်အသားများ အဓိကစားသုံးကြကြောင်းသိရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ဝလံတဲကျေးရွာတွင် မူလတန်းကျောင်းနှင့် အလယ်တန်းကျောင်းတည်ရှိပြီး၊ အခြားကျေးရွာမှကျောင်းသားများ လာရောက်ပညာသင်ကြားလျှက်ရှိပါသည်။ လုံးဝကျောင်းမနေသူ ၃၈.၈၃ %၊ မူလတန်းပညာရေးပြီးဆုံးသူ ၁၁%၊ အလယ်တန်းပညာရေးပြီးဆုံးသူများ ၃၁%၊ အထက်တန်းပညာရေးပြီးဆုံးသူ ၃၂% နှင့် တက္ကသိုလ်ပညာပြီးဆုံးသူ ၃% အသီးသီးရှိကြသည်။ ၎င်းရာခိုင်နှုန်းများသည် ၉ နှစ်အထက်လူဦးရေပေါင်း (၃၀၉) ယောက်ပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်သွယ်မှု

ဘာသာရေးအသင်းများအရအနည်းငယ်ခွဲခြားမှုရှိသော်လည်း၊ လူမှုရေး၊ဘာသာရေးလုပ်ငန်းများတွင်အတူတကွပူးပေါင်းပါဝင်လုပ်ကိုင်ကြသည်။တောင်ယာလုပ်ငန်းလုပ်ကိုင်မှုတွင်လည်းအမျိုးသမီး၊အမျိုးသားခွဲခြားမှုမရှိဘဲ၊အတူတကွစုပေါင်းလုပ်ကိုင်ကြ ကြောင်းသိရှိရသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကောင်းမွန်သောဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ ကျေးရွာအတွင်းရှိဘာသာရေးအသင်းခေါင်းဆောင်များ၊ အခြားလူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုရှိကြောင်းသိရှိရသည်။ ရပ်ရေးရွာရေးနှင့်ပတ်သက်၍ ခေါင်းဆောင်အချို့မှာ အချိန်မပေးနိုင်ခြင်းကြောင့် ပူးပေါင်းညှိနှိုင်းမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ဝလံတဲကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုများသည် လယ်လုပ်ငန်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများအဓိကလုပ်ကိုင်ပြီး၊ အသက်မွေးဝမ်းကြောင်းပြုကြသည်။ အိမ်ထောင်စုပေါင်း (၈၀) ရှိပြီး၊ လယ်လုပ်ငန်းလုပ်ကိုင်သူ (၁၇) ဦး၊ ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်သူ (၃၂) ဦးနှင့် ကျပန်းလုပ်ကိုင်သူ (၂၁) ဦးရှိကြောင်းသိရှိရပါသည်။

မိုးရာသီတွင် ချောင်းရေများကိုသွယ်ယူပြီး လယ်စပါးကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကို ရွှေ့ပြောင်းတောင်ယာနှင့် လယ်မြေဟူ၍အဓိကနှစ်မျိုးခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကိုပိုမိုလုပ်ကိုင်ကြသည်။ လယ်မြေနှင့်တောင်ယာများရှိ မြေဆီသြဇာမှာအသင့်အတင့် ကောင်းမွန်မှုရှိသည်။ ဥယာဉ်ခြံမြေများတွင် ငှက်ပျော၊ နာနတ်၊ သရက်၊ နာနတ်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြသည်။ စီးပွားဖြစ်ရောင်းချခြင်းမျိုးမရှိဘဲ၊ စားဖို့သက်သက်သာစိုက်ပျိုးကြကြောင်း သိရှိရသည်။ အနည်းငယ်သာရောင်းချရပြီး၊ သီးနှံများပိုလျှံမှု ရှိကြောင်းသိရှိရသည်။

လယ်မြေဧက (၄၀) ကျော်၊ ဥယျာဉ်ခြံစိုက်ပျိုးဧက (၉၀) ကျော်နှင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးဧက(၁၅၀)ကျော်ရှိကြောင်းတွေ့ရှိရသည်။

ၶင်းအပြင်၊အခြားသစ်တောမြေဧက(၁၂၀၀)ကျော်ရှိ
ကြောင်းလည်းတွေ့ရှိရပေသည်။လယ်စပါးတွင်တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၈၀)ပုံးဝန်းကျင်ထွက်ရှိ ပြီး၊သွင်းအားစု လို အပ်ချက်မှာအလယ်အလတ်တွင်ရှိသည်။ လူငှားစရိတ်နှင့် ကျွဲငှား ခမြင့် မားမှုကြောင့်အမြတ်ရရှိမှုနိမ့်ပါး ကြသည်။ၶင်းအပြင်ဒေသမျိုးစပါးမျိုးများကိုသာ အဓိကစိုက် ပျိုးကြသဖြင့်၊ဈေးကောင်းမရရှိပေ။တောင် ယာစပါးတွင်လယ်လုပ်ငန်းထက် လုပ်အားလိုအပ်ချက်မြင့်မားပြီး၊ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၃၀) ပုံး ဝန်းကျင်ထွက်ရှိကြောင်းသိရှိရသည်။စပါး (၂)ပုံးတွင်တစ်တင် ရှိပါသည်။

ဥယျာဉ်ခြံပိုင်ဆိုင်သူများက ဝဥ၊ ငှက်ပျော၊ သရက်၊ လိမ္မော်စသည့် သစ်သီးဝလံများစိုက်ပျိုးကြသည်။ ဝဥစိုက်ပျိုးရန်မြေနေရာရှိသော်လည်း ဝဥမျိုးရရန်ခက်ခဲမှုရှိသည်။ သစ်တောမြေများကိုကောင်းမွန်စွာစောင့်ကြည့်နိုင်ရန်နှင့် မှောင်ခိုသစ်ခိုးထုတ်မှုအားကာကွယ်ရန် ကျေးရွာသစ်တောထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး စောင့်ကြည့်အကဲခတ်မှုအမြဲပြုလုပ်သည်။ တောင်ယာမပိုင်သောအိမ်ထောင်စုတစ်ချို့က ဝဥခြံလုပ်ကိုင်မှုရှိသည်။ တောင်ယာလုပ်ငန်းနှင့်ဥယျာဉ်ခြံ တွဲဘက်လုပ်ကိုင်သူများလည်းရှိသည်။ မိုးရေကိုသာအဓိကစိုက်ပျိုးရေးအတွက် အားကိုးကြသည်။ ဝဥစိုက်ပျိုးရေးသည်ဒေသနှင့်ကိုက်ညီမှုရှိသည့်အပြင် တောင်သူအများစုကလည်း စိုက်ပျိုးရန်စိတ်ဝင်စားမှုရှိသဖြင့် ဝဥစိုက်ပျိုးရေးအတွက်နည်းပညာနှင့် ငွေကြေးဝန်ဆောင်မှုများပြုလုပ်ပေးခြင်းသည် အလွန်ဆီလျော်မှုရှိမည်ဖြစ်ပါသည်။

နွားနောက်မွေးမြူရေးလုပ်ငန်းသည် ဒေသနှင့်ကိုက်ညီမှုရှိပြီး ဝင်ငွေအများဆုံးရရှိနိုင်သည့်လုပ်ငန်းဖြစ်သည်။ သုံးနှစ်သားနွားနောက်တစ်ကောင်လျှင် ကျပ် (၄) သိန်းနှင့်အထက်ရှိပါသည်။ အမြင့်ဆုံးဈေးမှာ နွားနောက်တစ်ကောင်လျှင်ကျပ် (၈) သိန်းအထိရှိနိုင်ပါသည်။ သို့သော် နွားနောက်များသည်နွားများကဲ့သို့ ခြံလှောင်မွေးမြူ၍မရသောသဘောသဘာဝရှိသည်။ ဝလံတဲကျေးရွာတွင်တောင်ယာအကွက်ရှစ်ကွက်ရှိသဖြင့် တောင်ယာမခုတ်သောအခြမ်းတွင် နွားနောက်များကိုလွှတ်ကျောင်းစနစ်ဖြင့်မွေးမြူနိုင်ပါသည်။ နွားနောက်မွေးမြူရေးအတွက်ချေးငွေရရှိပါက တစ်အိမ်ထောင် (၃) ကောင်နှုန်းမွေးမြူနိုင်ကြမည်ဖြစ်သည်ဟု အုပ်စုလိုက်ဆွေးနွေးမှုမှသိရှိရပါသည်။ နွားနောက်မွေးမြူရေးသည်ထင်ရှားသော လုပ်ငန်းတစ်ခုဖြစ်သော်လည်း၊ စီးပွားဖြစ်ထုတ်လုပ်ရန်မဟုတ်ဘဲ၊ တစ်ပိုင်တစ်နိုင်အဆင့်တွင်သာရှိပါသည်။ မွေးမြူရေးနှင့်ပတ်သက်၍ ဈေးကွက်မှာကျဉ်းမြောင်းပြီး၊ ဒေသတွင်းရောင်းဝယ်မှုသာ ပြုလုပ်ကြသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

ယိုနှင့်ဖျော်ရည်လုပ်ငန်းများ လုပ်ကိုင်နိုင်သော်လည်း ကြာရှည်ခံအောင်ထားသိုသည့် နည်းပညာမသိကြပေ။ နည်းပညာအားနည်းခြင်း၊ လုပ်ငန်းအတွေ့အကြုံနည်းပါးခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှုအားနည်းခြင်းများကြောင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ခြင်းမရှိပေ။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

ချိန်ဆော(chain–saw)/သစ်ဖြတ်လွှတစ်မျိုးအသုံးပြုပြီးမှောင်ခိုသစ်ထုတ်လုပ်မှုရှိနေခြင်းနှင့်အတူအခြားအပင်မျိုးစိတ်များပါရှားပါးလာခြင်းများတွေ့ရသည်။ကားလမ်းဖောက်လုပ်ခြင်းမှထွက်လာသောမြေသား များ မြစ်ချောင်းများထဲတွင်စွန့်ပစ်ကြသဖြင့်ငါးများ ပြောင်းရွှေ့ကုန်ခြင်း ကြောင့် ငါးမျိုးကွဲများရှားပါးလာသည်။ သစ်တောပြုန်းတီးမှုကြောင့်ကျက်စားရာနေရာနည်း ပါးလာခြင်း၊ တောလိုက်ခြင်းများကြောင့် တိရစ္ဆာန်မျိုးကွဲများရှားပါးလာကြသည်။ ၎င်းအပြင်ပလပ်စတစ်နှင့် အခြားစွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် ချောင်းများတွင်အမှိုက်များ ပြန့်ကျဲနေတတ်ပါသည်။ ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးသုံးစွဲမှု မရှိသလောက်ဖြစ်ခြင်းကြောင့်၊ ပတ်ဝန်းကျင်နှင့် မြေဆီသြဇာပျက်ဆီးမှုအပေါ်တွင်ထိခိုက်မှုမရှိပေ။

## (င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

ကျေးရွာသည်ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍ လက်လှမ်းမီမှုအနည်းငယ်သာရှိပါသည်။ မြန်မာ့စီးပွားရေးဘဏ်တစ်ခုသာရှိပြီး၊ ငွေချေးမှုလုပ်ငန်းများပြုလုပ်ခြင်းမရှိပေ။ မြန်မာ့စိုက်ပျိုးရေးဘဏ်သည်မတူပီမြို့နယ်တွင်မရှိပါ။ မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ခြံနံပြန်း(ခ)ကျေးရွာမှ လယ်သမားများအားကပ် (၁၀၀၀၀၀) ထုတ်ချေးပေးခဲ့သည်။ စိတ်တူကိုယ်တူအဖွဲ့မှ ချေးငွေနှင့် မိတ်ဆွေ၊ ဆွေမျိုးများထံမှငွေချေးယူမှုများ ပြုလုပ်ကြကြောင်းသိရှိရသည်။ ထို့ကြောင့်ဘဏ်လုပ်ငန်းနှင့် သက်ဆိုင်သောမူဝါဒများ၊ ပုဂ္ဂလိကငွေချေးအဖွဲ့များ ပေါ်ပေါက်လာရေးသည်အရေးကြီးသော အခန်းကဏ္ဍတစ်ခုတွင်ရှိပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်အလယ်တန်းကျောင်းခွဲတစ်ခုရှိပါသည်။ မူလတန်းကျောင်းတက်နှုန်း ၁၀၀ ရာခိုင်နှုန်းကျော်နေရခြင်းမှာ (၉) နှစ်ထက်ကလေးများ မူလတန်းအဆင့်တွင် ပညာသင်ကြားနေကြခြင်းကြောင့်ဖြစ်သည်။ မူလတန်းကျောင်းတက်နှုန်းမြင့်မားသော်လည်း အလယ်တန်းအဆင့်တွင် ကျောင်းထွက်နှုန်းမှာ (၂၇%) ရှိပါသည်။ ဤသို့အလယ်တန်းအဆင့်ကျောင်းထွက်ရသည့် အကြောင်းတစ်ချို့မှာ–မိသားစုဝမ်းစာမဖူလုံမှုခြင်း၊ ဝင်ငွေနည်းပါးခြင်းများကြောင့် လုပ်ငန်းခွင်သို့စောစီးစွာရောက်သွားကြသည်။

အလယ်တန်းကျောင်းဆောင်နှစ်ခုတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာသွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ သို့သော် ကျောင်းသုံးပရိဘောဂများမှာအနည်းငယ် လုံလောက်မှုမရှိပါ။ ကျေးရွာအတွင်း၌သာတည်ရှိသောကြောင့် ခြေကျင်ဖြင့်သာ ကျောင်းတက်ကြသည်။ အလယ်တန်းကျောင်းအတွက် အစိုးရခန့်ဆရာ၊ ဆရာမ (၄) ဦးနှင့် ကျေးရွာခန့်(၂)ဦးရှိကြပါသည်။ ဆင်းရဲသောမိသားစုများအတွက် အစိုးရမှကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာထောက်ပံ့ကူညီပေးသော်လည်း၊ အခြားပစ္စည်းများထပ်မံဝယ်ယူရန် အခက်အခဲရှိနေသေးကြောင်းတွေ့ရှိရသည်။ အလယ်တန်းအဆင့် တွင်ကျောင်းစရိတ်မြင့်မားခြင်း၊ ဝင်ငွေမရှိခြင်းများကြောင့်ကလေးများအား ကျောင်းထားရန်မတတ်နိုင်ကြပါ။

ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါတို့ဖြစ်ကြသည်။ သာဖွားဆရာမတစ်ဦးသာ ကျေးရွာတွင်ရှိပါသည်။ ကျန်းမာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ ကျေးရွာဆေးပေးခန်းတွင်လုံလောက်မှုမရှိပေ။ ဝလံတဲကျေးရွာသည် မတုပီမြို့နှင့် (၂၅) မိုင်ကွာဝေးပြီး၊ ခွဲစိတ်ကုသမှုအပိုင်းနှင့် အရေးပေါ်ကုသမှုအပိုင်းတွင် မတုပီမြို့နယ်သို့လာရောက်ကြသည်။ အခြားဆေးဝါးပစ္စည်းများအား၊ မတုပီမြို့ပေါ်၌သာဝယ်ယူရရှိနိုင်သည်။ မတုပီဆေးရုံတွင် အခန်းနှင့်ကုတင်များမှာလုံ လောက်မှုရှိပြီး၊ မိုးရာသီ၌ (၂၄) နာရီလျှပ်စစ်မီးရရှိကြောင်း သိရှိရသည်။

သောက်သုံးရေနှင့်ပတ်သက်၍အဓိကအားဖြင့်စိမ့်စမ်းရေကိုသာသောက်သုံးကြကြောင်းတွေ့ရှိရပါသည်။စိမ့်စမ်းရေအားပိုက်ဖြင့် သွယ်တန်းပြုလုပ်ပြီး၊ အုတ်ကန်ဖြင့် သိုလှောင်အသုံးပြုကြသည်။ တစ်ချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေရရှိအောင်ပြုလုပ်ကြသည်။ ပုံမှန်အားဖြင့် သောက်သုံးရေမှာလုံလောက်လေ့ရှိပြီး၊ တစ်ချို့နှစ်များတွင် နွေရာသီ၌မလုံလောက်မှုအနည်းငယ်ရှိတတ်သည်။ အနီးရှိချောင်းများမှ သွားရောက်ခပ်ယူခြင်းဖြင့်ဖြေရှင်းကြသည်။ ယင်လုံအိမ်သာသုံးစွဲမှုနှင့်ပတ်သက်၍ ကျေးရွာအိမ်ထောင်စု၏ (၈၀) ရာခိုင်နှုန်းမှာ ယင်လုံအိမ်သာသုံးစွဲကြောင်းတွေ့ရှိပါသည်။ ဆင်းရဲသောအိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုအနည်းငယ်မျှသာ ယင်လုံအိမ်သာသုံးစွဲမှုမရှိ ကြောင်းတွေ့ရှိရပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များလူမှုရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှုများရှိကြသည်။ နာမကျန်းဖြစ်သောလူနာများအားဆေးရုံပို့ပေးခြင်း၊နာရေးလုပ်ငန်းများတွင်ပါဝင်ကူညီခြင်း၊ဘာသာရေးပွဲများတွင်ပါဝင်ကူညီခြင်း (ချက်ပြုတ်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်းများ ပြုလုပ်ခြင်းဖြင့်) လုပ်အားပေးမှုများရှိကြသည်။ ၎င်းအပြင်ရပ်ရွာဖွံ့ဖြိုးရေးနှင့်သက်ဆိုင်သော လမ်းပြုပြင်ခြင်း၊ တံတားပြုပြင်ခြင်းလုပ်ငန်းများတွင်လည်း အချိန်အားလျော်စွာပါဝင်မှုရှိကြသည်။ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့်ပတ်သက်၍ အနည်းငယ်အားနည်းမှုရှိသော်လည်း၊ ရိုးရာအဝတ်အစားများအားဘာသာရေးပွဲနှင့် ဘုရားကျောင်းများတွင်ဝတ်ဆင်မှုများရှိကြသည်။ စာကြည့်တိုက်နှင့် အင်တာနက်စသည်တို့အားလက်လှမ်းမှီမှုမရှိကြပါ။

## (ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ဝလံတဲကျေးရွာသည် မတုပီပလက်ဝလမ်းပေါ်တွင် တည်ရှိသည်ဆိုသော်လည်း မော်တော်ဆိုင်ကယ်ဖြင့်သာသွားလာနိုင်ပါသည်။ ကျေးရွာတွင်းလမ်းသည် မိုးရာသီအတွင်း၌သွားလာရခက်ခဲပြီး၊ ပွင့်လင်းရာသီ၌သာ သွားလာရေးအဆင်ပြေချောမွေ့မှုရှိကြောင်း တွေ့ရှိရသည်။ ကောင်ဗားချောင်းရှိကြိုးတံတားသည်အခြားရွာနှင့် ဆက်သွယ်ထားသောရွာချင်းဆက်တံတား တစ်ခုဖြစ်ပြီး ဩဂုတ်၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုမှာမျောပါပျက်စီးသွားသည်။ ပြန်လည်ပြုပြင်မှုများမပြုလုပ်နိုင်သေးကြောင်းသိရှိရပါသည်။ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ မော်တော်ဆိုင်ကယ်များသာ

အဓိကအားထားအသုံးပြုကြကြောင်း သိရှိရသည်။ မိုးရာသီ၌မော်တော်ဆိုင်ကယ်ဖြင့်သာ သွားလာနိုင်သည်။ ကျေးရွာ၌မော်တော်ဆိုင်ကယ်စုစုပေါင်း (၂၇) စီးရှိကြောင်းသိရပါသည်။

ကျေးရွာပိုင်အသေးစားရေအား လျှပ်စစ်သွယ်ယူသောရေစုကန်၊ ရေပိုက်လမ်းကြောင်းများသည် ၂၀၁၅ ခုနှစ်၊ မိုးရာသီအတွင်း၌ပြိုကျပျက်စီးပြီး ပြန်လည်ပြုပြင်နိုင်ခြင်း မရှိသေးပါ။ မီးကြိုးများနှင့် ရွာတွင်းမီးသွယ်ယူမှုစနစ်မှာပြန်လည်ပြုပြင်ပြီး၊ အသုံးပြုရန်အသင့်ရှိသည်ကိုလည်း တွေ့ရသည်။ ယခုအခါဆိုလာစနစ်ကိုသာအသုံးပြုနေကြပြီး၊ ဆိုလာအလုံးရေပေါင်း (၅၈) လုံးရှိကြောင်း အခြေခံသတင်းအချက်ကောက်ယူမှုမှ တစ်ဆင့်သိရှိရပါသည်။ ဆက်သွယ်ရေးအပိုင်းနှင့်ပတ်သက်၍ စီဒီအမ်အေ ၈၀၀ အားရုံဖုန်းရုံခါများတွင် အသုံးပြုနိုင်ပါသည်။ မတူပီမြို့ပေါ်၌ပင်ဆက်သွယ်ရေးမှာ လွန်စွာညံ့ဖျင်းကြောင်းသိရှိရပါသည်။ တယ်လီဖုန်း (၁၇) လုံး ရှိသည်ဆိုသော်လည်း၊ ဆက်သွယ်ရေးအပိုင်းတွင်ခက်ခဲမှုများစွာရှိသေးကြောင်းတွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာအတွင်း၌ စီဒီအမ်အေ ၈၀၀ အသုံးပြုနိုင်သော်လည်း၊ ဖုန်းလိုင်းမှာလွန်စွာမကောင်းပါ ။ အာမခံလုပ်ငန်းများနှင့် လူထုအခြေပြုသဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့်ပတ်သက်၍ လက်လှမ်းမှီမှုမရှိပါ။ မူခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များမရှိဘဲ၊ ငြိမ်းချမ်းစွာနေထိုင်ကြောင်းတွေ့ရှိရသည်။ အကယ်၍လိုအပ်လာပါက၊ မတူပီရဲစခန်းမှလုံခြုံရေးအကူအညီများ ရယူနိုင်ပါသည်။

## (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

မိုးရာသီတွင်ချောင်းရေများကိုသွယ်ယူပြီး လယ်စပါးကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကိုရွေ့ပြောင်းတောင်ယာနှင့် လယ်မြေဟူ၍အဓိကနှစ်မျိုးခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကိုပိုမိုလုပ်ကိုင်ကြသည်။ လယ်မြေနှင့်တောင်ယာများရှိမြေဆီသြဇာမှာ အသင့်အတင့်ကောင်းမွန်မှုရှိသည်။ ဥယာဉ်ခြံမြေများတွင် ငှက်ပျော၊ နာနတ်၊ သရက်၊ နာနတ်နှင့် လိမ္မော်ပင်များကို စိုက်ပျိုးကြ သည်။ စီးပွားဖြစ်ရောင်းချခြင်းမျိုးမရှိဘဲ၊ စားဖို့သက်သက်သာစိုက်ပျိုးကြ ကြောင်းသိရှိရသည်။ အဓိကအားဖြင့်လယ်စပါးနှင့်တောင်ယာစပါး နှစ်မျိုးကိုသာစိုက်ပျိုးကြပြီး ဝမ်းစာအတွက်သာသိုလှောင်ထားကြသည်။ နွားနောက်မွေးမြူရေးသည် ရေမြေဒေသနှင့်ကိုက်ညီမှုရှိသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ လွတ်ကျောင်းရန်စားကျက်များရှိပြီး၊ တိရစ္ဆာန်အစာများပြားစွာရရှိနိုင်သည်။ သို့သော်မိသားစုတိုင်းမွေးမြူရန်မတတ်နိုင်ကြပေ။

သစ်သီးဝလံပေါများသောဒေသဖြစ်၍ သစ်သီးဖျော်ရည်နှင့် ယိုလုပ်ငန်းများလုပ်ကိုင်နိုင်သည်။ တန်ဖိုးမြှင့်ထုတ်ကုန်များနှင့် အထားခံသစ်သီးယိုများပြုလုပ်နိုင်ပါက ဝင်ငွေတစ်ဖက်

တစ်လမ်းမှရရှိနိုင်သည်။ (သရက်၊ သံပုရာနှင့် အခြား) အလုပ်လုပ်နိုင်သော အသက်အရွယ်များ ကျေးရွာတွင် အများအပြားရှိပါသည်။

သောက်သုံးရေနှင့်ပတ်သက်၍ အဓိကအားဖြင့်စိမ့်စမ်းရေကို သောက်သုံးကြကြောင်းတွေ့ရှိရပါသည်။ စိမ့်စမ်းရေအားပိုက်ဖြင့်သွယ်တန်းပြုလုပ်ပြီး၊ အုတ်ကန်ဖြင့်သိုလှောင်အသုံးပြုကြသည်။ တစ်ချို့အိမ်ထောင်စုများမှာ ကိုယ်တိုင်ပိုက်သွယ်တန်းပြုလုပ်ပြီး သောက်သုံးရေရရှိအောင်ပြုလုပ်ကြသည်။

ကျေးရွာတွင်းအားကစားကွင်းနှစ်ခုရှိပြီး၊ လူငယ်များဘောလုံးကစားခြင်းများ ပြုလုပ်ကြသည်။ လူငယ်များသည်ဘာသာရေးပွဲများနှင့် ဘုရားကျောင်းများတွင်သီချင်းဆိုခြင်း၊ ကပြခြင်းများဖြင့် တက်ကြွစွာပါဝင်လှုပ်ရှားကြသည်။

## (ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

စိုက်ပျိုးသီးနှံနှင့်ပတ်သက်၍ စိုက်ပျိုးစရိတ်ချေးငွေများ လက်လှမ်းမှီမှုမရှိကြပေ။ ၎င်းအပြင် လိုအပ်သော စိုက်ပျိုးနည်းပညာရရှိမှုမှာလည်းခက်ခဲမှုရှိပါသည်။ ခွာနာလျှာနာ၊ ကျွဲသားပေါက်အအေးမိ၊ ကြက်နာကျမျိုးများရှိသည်။ တိမွေးကုဗဟုသုတနှင့် နည်းပညာသိနားလည်မှုနည်းပါးသည်။ မွေးမြူရေးဗဟုသုတနှင့် နည်းပညာသိနားလည်မှုနည်းပါးမှုကြောင့် ကာကွယ်ဆေးများထိုးနှံသည့် အလေ့အထမရှိသည်ကို တွေ့ရသည်။ ယိုနှင့်ဖျော်ရည်လုပ်ငန်းများလုပ်ကိုင်နိုင်သော်လည်း ကြာရှည်ခံအောင်ထားသိုသည့်နည်းပညာမသိကြပေ။ ၎င်းအပြင်ထုတ်ကုန်လုပ်ငန်းများ တည်ထောင်နိုင်ရန် ငွေကြေးဝန်ဆောင်မှုမရရှိကြပါ။ ကျေးရွာအလယ်တန်းကျောင်းတွင် အဆောက်အဦးနှစ်ခုရှိသော်လည်း ကျောင်းသုံးပရိဘောဂအချို့မှာပျက်ဆီး ၍လုံလောက်မှုမရှိကြောင်းတွေ့ရှိရပါသည်။ ဝလံတဲကျေးရွာသည် မတူပီပလက်ဝလမ်းပေါ်တွင် တည်ရသော်လည်းမော်တော်ဆိုင်ကယ်ဖြင့်သာသွားလာနိုင်ပါသည်။ ကျေးရွာတွင်းလမ်းသည် မိုးရာသီအတွင်း၌သွားလာရခက်ခဲပြီး၊ ပွင့်လင်းရာသီ၌သာသွားလာရေး အဆင်ပြေချောမွေ့မှုရှိကြောင်းတွေ့ရှိရသည်။ ကောင်ဗားချောင်းရှိကြိုးတံတားသည် အခြားရွာနှင့် ဆက်သွယ်ထားသောရွာချင်းဆက်တံတားတစ်ခု ဖြစ်ပြီး ဩဂုတ်၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှာမျောပါပျက်စီးသွားသည်။ ပြန်လည်ပြုပြင်မှုများမပြုလုပ်နိုင်သေးပါ ။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ ကျေးရွာသားများသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သောအဖွဲ့နှင့်တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်နည်းဗျူဟာများ ရေးဆွဲထားပြီးဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။

ကွင်းဆင်းအဖွဲ့နှင့်တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင်(၃)ခုကိုလည်း အောက်ပါအတိုင်းရိုးရှင်းစွာချ မှတ်ထားပါသည်။ ၎င်းတို့မှာ-

(က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းများတိုးမြင့်လုပ်ကိုင် လာနိုင်ပြီး ဝင်ငွေတိုးလာရမည်။

(ခ) ကျွန်ုပ်တို့ရွာလူထုသည်ကျေးရွာမီးလင်းရေးနှင့် သယ်ယူပို့ဆောင်ရေးကောင်းမွန်လာ ခြင်းတို့မှတဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

## (ခ) နည်းဗျူဟာ

ကျွန်တော်တို့ကျေးရွာပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ် အစိုးရတို့၏မူဝါဒဆိုင်ရာအကူအညီများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့် အလမ်းများတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ကဏ္ဍများလက်လှမ်းမီ ရရှိစေရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့် ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့်မတူပီမြို့နယ်နှင့် ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ် ကိုင်မှုတိုးချဲ့ရန်လိုပါသည်။

(က) တစ်နှစ်ပတ်လုံးသီးနှံစိုက်ပျိုး မထုတ်လုပ်နိုင်သော်လည်း၊ ဝဥအဓိကစိုက်ပျိုးခြင်း၊ လယ်စပါးပိုမိုစိုက်ပျိုးခြင်းနှင့် ရာသီသီးနှံအချို့စိုက်ပျိုးခြင်းဖြင့် ဝင်ငွေအထိုက်အ လျောက်ရရှိနိုင်ပါသည်။ သို့သော်သီးနှံပိုထွက်ရန်တောင်သူများအား စိုက်ပျိုးရေးအသိ ပညာပေးခြင်းနှင့် သဘာဝမြေသြဇာသုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်း နည်းများ၊ ဘဏ်လုပ်ငန်းနှင့် ချေးငွေဆိုင်ရာအစီအစဉ်များ၊ စုပေါင်းရောင်းချ/ဝယ် ခြင်းများအပါအဝင် နည်းစနစ်ကောင်းများသုံးရန်ဖန်တီးပေးရပါမည်။ နွေရာသီတွင် ရေရှားပါးမှုကြောင့် အစက်ချစိုက်ပျိုးနည်းစနစ်များပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။

(ခ) လယ်မဲ့ယာမဲ့နှင့် လယ်ယာမြေအနည်းငယ်ပိုင်ဆိုင်သူများကို အိမ်ခြံဝင်းဥယျာဉ်စိုက် ပျိုးရေးအားပေးဆောင်ရွက်မည်။ ရွှေ့ပြောင်းတောင်ယာမှ အမြဲတမ်းလယ်ယာသို့ ပြုပြင်ပြောင်းလဲရန်လိုအပ်ပါသည်။ အစိုးရ၏ထောက်ပံ့ကြေးပေးမှု အစီအစဉ်များ လည်းထည့်သွင်းစဉ်းစားနိုင်ပါသည်။ မြေယာမဲ့အိမ်ထောင်စု အနည်းငယ်သာရှိပြီး တစ်ရွာလုံးနီးပါးဝဥစိုက်ပျိုးကြသည်။ ဝဥမျိုးများရှားပါးလာခြင်းကြောင့် ဝဥမျိုးထုတ် လုပ်သည့်နည်းစနစ်များ တောင်သူများအားလက်ဆင့်ကမ်းသင့်ပါသည်။ ၎င်းအပြင် ဈေးကွက်သို့တန်ဖိုးမြှင့်ထုတ်လုပ်သည့် နည်းစနစ်များသင်ကြားပေးခြင်းဖြင့် ဝဥအ ခြောက်များရောင်းချနိုင်မည်ဖြစ်သည်။ သို့မှသာတောင်သူများဝင်ငွေပိုမိုရရှိလာနိုင်ပြီး၊ စီးပွားရေးအဆင်ပြေနိုင်ပါသည်။

(ဂ) လယ်မဲ့ယာမဲ့နှင့် ဆင်းရဲသားလယ်သမားများအား၊ ဆိတ်၊ နွားနောက်၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီး အပိုဝင်ငွေရရှိစေမည်။ ကျေးရွာ၏အိမ်ခြံဝင်းများ သည်ကျယ်ဝန်းသဖြင့် တိရစ္ဆာန်မွေးမြူရေးလုပ်ကိုင်နိုင်သည်။ နွားနောက်မွေးမြူရေး သည် ချင်းပြည်နယ်၏အထင်ကရ မွေးမြူရေးဖြစ်ပြီး၊ အသားခြောက်ပြုလုပ်ပြီး၊ အခြားဒေသများသို့ရောင်းချပါက ဝင်ငွေပိုမိုရရှိနိုင်သည်။ သို့သော်အခြောက်လှမ်းရန် အခြောက်ခံစက်၊ အသားခြောက်ထုတ်လုပ်သောနည်းပညာနှင့် အခြားဈေးကွက်ချိတ် ဆက်မှုများလည်းစီမံဆောင်ရွက်သင့်ပါသည်။

(ဃ) လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များဖန်တီး ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများဖော်ဆောင်ပေးရေး၊ စီးပွား ရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များစွန့်ထွင်လုပ်ကိုင်ရေး၊ တစ်နိုင်တပိုင်ကျေးလက် ကုန်ထုတ်လုပ်ငန်းများတိုးပွားလာပြီး အနီးအနားတဝိုက် ဈေးများတွင် ထုတ်ကုန်များရောင်းချရေးတို့ကိုလုပ်ရပါမည်။

(င) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာတွင်းအသေးစားလုပ်ငန်းများအတွက် ချေးငွေ များ၊ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သော ဘဏ်လုပ်ငန်းများလို အပ်ပါသည်။ ငွေကြေးဝန်ဆောင်မှုပေးသည့်ဘဏ်နှင့် ငွေချေးယူမည့်ကျေးရွာသားများ ကိုစွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှဘဏ်သို့ အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထားမှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန် နှင့်ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကိုခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ထား ရပါမည်။သို့မှသာငွေကြေးဝန်ဆောင်မှုပေးသောဘဏ်များနှင့်ချိတ်ဆက်မိပြီးကျေးရွာ ငွေစုငွေချေးလုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံငွေပိုအားကောင်းလာမည်ဖြစ်သည်။ငွေထုတ် ချေးမည့်ဘက်မှလည်းဘဏ်နှင့်ငွေကြေးကဏ္ဍဆိုင်ရာပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှဆွေးနွေး ညှိနှိုင်းတောင်းဆိုမှုများလုပ်ရန် လိုအပ်သည်။ သို့မှသာကျေးလက်ဒေသနေပြည်သူများထံသို့ငွေကြေးဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(စ) ကျေးရွာမီးလင်းရေးအတွက် ရေကြီးမှုကြောင့်ပျက်စီးနေသော အသေးစားရေအားလျှပ် စစ်စနစ်အား ပြန်လည်ပြုပြင်ပါမည်။ ရေလှောင်ကန်များ၊ ရေသွယ်လိုင်းများပြန်လည် ပြုပြင်ကြပါမည်။ ထို့အပြင် ထိရောက်စွာလုပ်ငန်းလည်ပတ်ရေးနှင့် ရေရှည်ထိန်းသိမ်း ရန်အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ကြပါမည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့်နိုင်ငံတော်အဆင့်မှသည်ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့အစည်းများကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအားနည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည်အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

### (ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိမွေးကုဦးစီးဌာနတို့သည် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများအားဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ပါသည်။ မိုးရာသီတွင်မိုးရေဖြင့်စပါးစိုက်ပျိုးကြသော်လည်းနွေရာသီတွင် ရာသီသီးနှံများစိုက်ပျိုးရန် စိုက်ပျိုးရေအခက်အခဲရှိပါသည်။ ၎င်းအပြင်စိုက်ပျိုးထားသောသီးနှံများအား၊ အထူးသဖြင့်ဝဥစိုက်ခင်းများအား နွားနောက်များဖျက်ဆီး၍ ဆုံးရှုံးမှုများနှစ်စဉ်ကြုံတွေ့ကြရသည်။ ထိုပြဿနာများအား ရပ်ရွာဝလေ့အရဖြေရှင်းလေ့ရှိပြီး၊ အစိုးရဌနမှလည်း ထိရောက်သောအရေးယူမှုများ မပြုလုပ်နိုင်ပေ။ နွားနောက်သည်လွတ်ကျောင်းမွေးမြူရသောဓလေ့ရှိပြီး၊ စားကျက်မြေသတ်မှတ်၍မွေးမြူပါက ပိုမိုအဆင်ပြေနိုင်ပါသည်။ နွားနောက်များအားစုပေါင်း၍လွတ်ကျောင်း၍ အလှည့်ကျထိန်းကျောင်းသောစနစ်သည် ပိုမိုထိရောက်အဆင်ပြေနိုင်သည်ဟု မွေးမြူရေးဦးစီးဌာနမှ ထောက်ခံမှုပေးပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

မတူပီမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မရှိခြင်းသည် စိုက်ပျိုးသူတောင်သူများအတွက် အခွင့်အလမ်းတစ်ရပ်ဆုံးရှုံးစေပါသည်။ သို့သော်ခြန်ပြန်းကျေးရွာတွင် မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ အထူးအစီအစဉ်ဖြင့် စိုက်စရိတ်ထုတ်ချေးပေးပါသည်။ ဘဏ်လုပ်ငန်းများအားဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်

နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင်ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည်ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရန်လုပ်ဆောင်သင့်ပါသည်။ ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များအားလည်း ကျေးရွာများ လက်လှမ်းမီစွာရရှိရန်လုပ်ဆောင် ပေးသင့်ပါသည်။

## (င) လမ်းပန်းဆက်သွယ်ရေး

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား လွန်စွာအထောက်အကူဖြစ်စေပါသည်။ လမ်းပန်းဆက်သွယ်ရေးမကောင်းမှုကြောင့် ကုန်စည်စီးဆင်းမှုအား နှောင့်နှေးစေပြီး၊ အမြတ်ရရှိမှုအားလျော့နည်းစေပါသည်။ တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရာသီတွင်သွားလာရခက်ခဲမှုကြောင့် စီးပွားရေးလုပ်ငန်းများနှင့်အရောင်းအဝယ် လုပ်ငန်းများအားထိခိုက်မှုရှိစေပါသည်။ ထို့ကြောင့်ကျေးရွာတွင်းလမ်းအားသက်ဆိုင်ရာ ကျေးလက်ဦးစီးဌာနမှတာဝန်ယူ၍ဆောင်ရွက်လုပ်ကိုင်စေလိုပါသည်။ ၎င်းအပြင်မတူပီမင်းတပ်ကားလမ်းမကြီးသည် မတူပီမြို့၏ အဓိကသွေးကြောကြီးတစ်ခု ဖြစ်သောကြောင့်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ထွေအုပ်ဌာနတို့မှ နိုင်ငံတော်အစိုးရဘတ်ဂျက်၊ ပြည်နယ်အစိုးရဘတ်ဂျက်များဖြင့် ကောင်းမွန်စေရန်ပြုပြင်စေလိုပါသည်။ ယခုနှစ်၂၀၁၅ခုနှစ်မိုးသည်းထန်စွာရွာ သွန်းမှုကြောင့်မြေပြိုခြင်း၊ လမ်းပျက်ခြင်းနှင့် တံတားကျိုးခြင်းများနေရာ အနှံ့အပြားဖြစ်ပွားခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်ခဲ့ရပါသည်။

## (စ) ကျေးရွာမီးလင်းရေး

ကျေးရွာလူထုမှရွာပိုင်ရန်ပုံငွေဖြင့် ရေအားလျှပ်စစ်ထူထောင်ရန် အားစိုက်ထုတ်မှုမပြုနိုင်သေးပေ။ ကျေးရွာတွင်ဆိုလာစနစ်ကိုသာ အသုံးပြုကြပြီး၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာမရရှိနိုင်ပေ။ ထို့ကြောင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများလုပ်ကိုင်နိုင်ရန် အခက်အခဲရှိပြီး၊ စီးပွားရေးလုပ်ငန်းများမလုပ်ဆောင်နိုင်ပေ။ပြည်ထောင်စုအစိုးရ၊လျှပ်စစ်ဝန်ကြီးဌာနများမှကျေးရွာလျှပ်စစ်မီးရရှိစေရန်ကူညီဆောင်ရွက်ပေးခြင်းဖြင့်ကျေးရွာမီးလင်းလာနိုင်စေပြီး၊လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ပါမည်။ ၎င်းအပြင်၊ ပြင်ပအဖွဲ့အစည်းများ၏အကူအညီရရှိပြီး၊ အသေးစားရေအားလျှပ်စစ်တည်ဆောက်နိုင်က ကျေးရွာလျှပ်စစ်မီးရရှိလာနိုင်မည်ဖြစ်ပြီး၊ လူနေမှုဘဝတိုးတက်လာနိုင်ပေမည်။

## (ဆ) သောက်သုံးရေ

ကျေးရွာသောက်သုံးရေနှင့်ပတ်သက်၍ နွေရာသီတွင်လုံလောက်မှု အနည်းငယ်မရှိကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်သောက်သုံးရေသိုလှောင်ရန် ရေကန်ရှိနေသော်လည်း ရေလုံလောက်မှု မရှိခြင်းကြောင့် ပြည့်ဝစွာသိုလှောင်ထားနိုင်ခြင်းမရှိပေ။ အဘယ်ကြောင့်ဆိုသော် ရေသွယ်တန်းမည့် နေရာနှင့် ရေလှောင်ကန်မှာ အနည်းငယ်ဝေးကွာနေပြီး၊ သွယ်တန်းရန်ရေပိုက်များ မဝယ်ယူနိုင် သောကြောင့်ဖြစ်သည်။ ထို့ကြောင့်သက်ဆိုင်ရာအစိုးရဌာန၊ အထွေထွေအုပ်ချုပ်ရေးဌာနနှင့် ပြင်ပ အဖွဲ့အစည်းများထံမှ လိုအပ်သောအကူအညီနှင့် အထောက်အပံ့များရရှိလာနိုင်က ကျေးရွာအတွက် သောက်သုံးရေလုံလောက်စွာ ရရှိလာနိုင်ပေမည်။

## (၈) စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

## (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ် ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာ လူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ် တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင် ရာရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

## (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင်ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။

ဝလံတဲကျေးရွာ၏ဦးစားပေးစီမံချက်များကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက် များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

**ဦးစားပေးစီမံချက်အဆင့်ရွေးချယ်ခြင်း**

| ကဏ္ဍ | စီမံချက် | ရမှတ် | အဆင့် | အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ |
|---|---|---|---|---|
| **စီမံအုပ်ချုပ်ရေး** | အစိုးရဌာနများနှင့်ပြင်ပအဖွဲ့အစည်းများမှစီမံအုပ်ချုပ်မှုဆိုင်ရာပညာပေးသင်တန်းများပြုလုပ် ပေးခြင်း။ | ၅၆ | ၁၀ | ❖ အုပ်ချုပ်မှုနှင့်ဆိုင်သောအမြင်ဖွင့်သင်တန်းများပေးခြင်း<br>❖ ခေါင်းဆောင်မှုသင်တန်းများပေးခြင်း။ |
| **စိုက်ပျိုးရေး။** | စိုက်ပျိုးရေးဆိုင်ရာမူဝါဒများပြောင်းလဲရေးနှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့်အထောက်အပံ့များပြည့်ဝစွာရရှိနိုင်ရေး။ | ၉၈ | ၂ | ❖ လက်တွန်းထွန်စက်များရရှိအောင်လုပ်ဆောင်ခြင်း။<br>❖ စိုက်ပျိုးရေးနည်းပညာသင်တန်းများနှင့်ပိုးသတ်ဆေးများထောက်ပံ့ ခြင်း<br>❖ ဝဥမျိုးစေ့ထုတ်လုပ်သည့်နည်းပညာများဒေသခံတောင်သူများအားသင် တန်းပို့ချခြင်း။<br>❖ စိုက်ပျိုးရေးချေးငွေ(ဝဥ)များရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>❖ စိုက်ပျိုးရေးနည်းပညာသင်တန်း များပေးခြင်း။<br>❖ လယ်စပါးအတွက်မြောင်းတူးဖော် ခြင်း။ |
| **မွေးမြူရေး** | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်း | ၇၅ | ၃ | ❖ သံဆူးကြိုးဖြင့် တောင်ယာစိုက်ခင်းများကိုကာ ရံခြင်း။<br>❖ စားကျက်နေရာသတ်မှတ်ပြီး၊သတ်မှတ်သောနေရာများတွင်အုပ်စုလိုက် လွှတ်ကျောင်းမွေးမြူခြင်း။<br>❖ ဒေသနှင့်ကိုက်ညီသောစည်းမျဉ်းဥပဒေများချမှတ်ရေး<br>❖ တိရစ္ဆာန်မွေးမြူကုသရေးသင်တန်းနှင့်ဆရာဖြစ်သင်တန်းများပို့ချ ပေးခြင်း။<br>❖ တိရစ္ဆာန်ဆေးဝါးပစ္စည်းများကျေးရွာတွင်ထားရှိနိုင်စေရန်ဆောင်ရွက်ခြင်း။<br>❖ နွားနောက်မွေးမြူရေးအတွက်ချေးငွေရရှိရန်ချိတ်ဆက် |

| ကဏ္ဍ | စီမံချက် | ရမှတ် | အဆင့် | အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ |
|---|---|---|---|---|
| | | | | ဆောင်ရွက် ခြင်း။ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်း** | အသေးစားလုပ်ငန်းများစတင်လုပ်ကိုင်လာနိုင်ရန်အကောင်အထည်ဖော်ရေး။ | ၅၉ | ၇ | ❖ အသေးစာလုပ်ငန်းများစတင်နိုင်ရန်အသေးစားချေးငွေရရှိရန်ချိတ်ဆက် လုပ်ဆောင်ခြင်း။ |
| **ပညာရေး** | စာသင်ကျောင်းအဆင့်မြင့်ပြုပြင်ဆောက်လုပ်ခြင်း။ | ၁၀၀ | ၁ | ❖ ကျောင်းအင်္ဂါရပ်နှင့်ပြည့်စုံသောကျောင်းဆောင်သစ်နှင့်အထက်တန်းအဆင့်ကျောင်းခွဲတစ်ခုဆောက်လုပ်ခြင်း။ |
| **ကျန်းမာရေး** | ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး | ၇၂ | ၄ | ❖ ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း။ |
| **လျှပ်စစ်မီး** | လူနေမှုဘဝမြင့်တင်လာနိုင်ရန်ရွာလုံးကျွတ်မီးလင်းလာနိုင်ရေး | ၄၉ | ၉ | ❖ ရေအားလျှပ်စစ်အတွက်လိုအပ်သော ရေလှောင်ကန်ဆောက်လုပ်ခြင်း။<br>❖ ရေသိုလှောင်ရန်ရေပိုက်များတပ်ဆင်ခြင်း။ |
| **လမ်းပန်းဆက်သွယ်ရေး** | လမ်းအဆင့်မြင့်ပြုပြင်ဖောက်လုပ်ခြင်းနှင့်တံတားပြန်လည်ကောင်းမွန်ရန်ဆောင်ရွက်ခြင်း။ | ၅၁ | ၈ | ❖ ရွာချင်းဆက်လမ်းများအားချဲ့ထွင် ဖောက်လုပ်ခြင်း (၈ပေကျယ်သော လမ်း)<br>❖ ပေ(၂၇၀)ရှည်သောအုတ်တံတားတစ်ခုတည်ဆောက်ခြင်း။ရေနှုတ်မြောင်းများတည်ဆောက်ခြင်း။ |
| **သောက်သုံးရေ** | ကျန်းမာသန့်ရှင်းသောသောက်သုံးရေများလုံလောက်စွာရရှိလာနိုင်ရေး။ | ၆၈ | ၅ | ❖ သောက်သုံးရေသွယ်ယူရန်ရေပိုက်များရရှိအောင် ချိတ်ဆက်ဆောင်ရွက် ခြင်း။လိုအပ်သောရေမြောင်းများတပ်ဆင်ခြင်း |
| **လူငယ်နှင့် ယဉ်ကျေးမှု** | လူငယ်များအတွက်လေ့လာစရာပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး။ | ၆၆ | ၆ | ❖ စာအုပ်နှင့်ဂျာနယ် များစုဆောင်းခြင်း။<br>❖ ကျေးရွာစာကြည့်တိုက်တစ်ခုဆောက်လုပ်ခြင်း။ |
| | အသေးစားချေးငွေ(စီးပွားရေး)အတွက်ချေးငွေရရှိရန်ဆောင်ရွက်ခြင်း | ၅၉ | ၁၀ | ❖ |

**(ဃ) စီမံချက်အကောင်အထည်ဖော်မည့်အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအားအခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ရမှတ် | ပထမ နှစ် | ဒုတိယ နှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမ နှစ် |
|---|---|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းအဆင့်မြင့်ပြုပြင်ဆောက်လုပ်ခြင်း။ | ၁ | ၁၀၀ | | √ | √ | | |
| ၂ | စိုက်ပျိုးရေးဆိုင်ရာမူဝါဒများပြောင်းလဲရေးနှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့်အထောက်အပံ့ များပြည့်ဝစွာရရှိနိုင်ရေး။ | ၂ | ၉၈ | | √ | √ | √ | |
| ၃ | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်း | ၃ | ၇၅ | √ | √ | √ | | |
| ၄ | ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး | ၄ | ၇၂ | | | | | |
| ၅ | ကျန်းမာသန့်ရှင်းသောသောက်သုံးရေများလုံလောက်စွာရရှိနိုင်ရေး | ၅ | ၆၈ | √ | √ | √ | | |
| ၆ | လူငယ်များအတွက်လေ့လာစရာပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး။ | ၆ | ၆၆ | | √ | √ | | |
| ၇ | အသေးစားလုပ်ငန်းများစတင်လုပ်ကိုင်လာနိုင်ရန်အကောင်အထည်ဖော်ရေး။ | ၇ | ၅၉ | √ | √ | √ | | |
| ၈ | လမ်းအဆင့်မြင့်ပြုပြင်ဖောက်လုပ်ခြင်းနှင့်တံတားပြန်လည်ကောင်းမွန်ရန်ဆောင်ရွက်ခြင်း | ၈ | ၄၅ | √ | √ | √ | | |

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ရမှတ် | ပထမ နှစ် | ဒုတိယ နှစ် | တတိယနှစ် | စတုတ္ထနှစ် | ပဉ္စမ နှစ် |
|---|---|---|---|---|---|---|---|---|
| ၉ | ရေအားလျှပ်စစ်ဆောက်လုပ်ရန်ကန်+ပိုက်ဝယ်ယူခြင်း။ | ၉ | ၄၉ | √ | √ | √ | | |
| ၁၀ | အသေးစားချေးငွေ(စီးပွားရေး)အတွက်ချေးငွေရရှိရန်ဆောင်ရွက်ခြင်း | ၁၀ | ၅၉ | | √ | √ | | |

## (၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်ဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီးဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက်အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့်အစီအစဉ်၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦးကို ပြုပြင်ထိန်းသိမ်းမည့်ဘတ်ဂျက်နှင့် ငွေရေးကြေးရေးအစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံကိန်းများကိုဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန်လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင်နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါ ဇယားတွင် ဖော်ပြထားသော စီမံကိန်းအလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများ ကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရံပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | စွမ်းရည်မြှင့်တင်ခြင်း | ရင်းနှီးမြှုပ်နှံခြင်း | စီးပွါးရေးရင်းနှီးမြှုပ်နှံမှု | အရေးပေါ်အထောက်အပံ့ |
| ၁ | စာသင်ကျောင်းအဆင့်မြင့်ပြုပြင် ဆောက်လုပ်ခြင်း။ | | √ | √ | | |
| ၂ | စိုက်ပျိုးရေးဆိုင်ရာမူဝါဒများပြောင်းလဲရေးနှင့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့်အထောက်အပံ့များပြည့်ဝစွာရရှိနိုင်ရေး။ | | | √ | | |
| ၃ | တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၄ | ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများလက်လှမ်းမှီရေး | | | √ | | |
| ၅ | ကျန်းမာသန့်ရှင်းသောသောက်သုံးရေများလုံလောက်စွာရရှိလာနိုင်ရေး | | √ | √ | | |
| ၆ | လူငယ်များအတွက်လေ့လာစရာပတ်ဝန်းကျင်ကောင်းများဖန်တီးပေးရေး | | | √ | | |
| ၇ | အသေးစားလုပ်ငန်းများစတင်လုပ်ကိုင်လာနိုင်ရန်အကောင်အထည်ဖော်ရေး။ | | | √ | | |
| ၈ | လမ်းအဆင့်မြင့်ပြုပြင်ဖောက်လုပ်ခြင်းနှင့်တံတားပြန်လည်ကောင်းမွန်ရန်ဆောင်ရွက်ခြင်း။ | | | √ | | |
| ၉ | ရေအားလျှပ်စစ်ဆောက်လုပ်ရန်ကန်+ပိုက်ဝယ်ယူခြင်း။ | | | √ | | |
| ၁၀ | အသေးစားချေးငွေ(စီးပွားရေး)အတွက်ချေးငွေရရှိရန်ဆောင်ရွက်ခြင်း | | | √ | | |

## (၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ် ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့များ( နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်

ယူပါမည်။ ဤကိစ္စ မျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေး ထား သော ကော်မတီကို ဦးဆောင်၍ မြို့ နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင် ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်း ဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီ အစဉ်များ ထားရှိမည်။ ဉပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ် ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဉပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင် ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကြီကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံး ချိန်တိုင်းတွင်ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကိုအဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှာမှုများ၊ ကျေးရွာ သူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက် အပံ့များ စသည်တို့ ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သောအခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၁)**

## (၁) ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

## (၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၆ | ၄ | ၁၀ | ၂.၄၆% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၂၃ | ၁၆ | ၃၉ | ၉.၆၁% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၆ | ၃၂ | ၄၈ | ၁၁.၈၂% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၉ | ၂၃ | ၅၂ | ၁၂.၈၁% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၁၀၇ | ၁၁၈ | ၂၂၅ | ၅၅.၄၂% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့် အထက် | ၁၅ | ၁၇ | ၃၂ | ၇.၈၈% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၉၆** | **၂၁၀** | **၄၀၆** | **၁၀၀%** | |
| **အိမ်ထောင်စုပေါင်း – ၈၀** | | | | **တစ်အိမ်ထောင်စုပျမ်းမျှလူဦးရေ – ၅ ဦး** | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက် များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

ကျေးရွာတွင်မိသားစု (၈၀) ရှိပြီး လူဦးရေစုစုပေါင်း (၄၀၆) ဦးရှိပါသည်။ ပျမ်းမျှမိသားစု တစ်စုလျှင် (၅) ဦးနှုန်းနေထိုင်ကြပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်) အထိအလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏၅၅.၄၂% ရှိပြီးလူဦးရေစုစုပေါင်း၏ ၄၄.၅၈% သည် မှီခိုသူများဖြစ်ကြသည်။

## (၁.၂) လုပ်သားအင်အား

ဇယား(၂) လုပ်သားအင်အား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | *အိမ်ထောင်စု* | % | | |
| ၁ | *စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၉ | ၆၁ % | | လယ်ယာစိုက်ပျိုးရေးကိုအဓိကလုပ်ဆောင်သည့်အိမ်ထောင်စုများဖြစ်သည်။ |
| | အလုပ်သမား၊ ကျပန်း၊ | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | ***အိမ်ထောင်စု*** | *%* | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၂ | ***တိရစ္ဆာန် မွေးမြူရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | နွားနောက် ၂၁ အိမ်၊ကျွဲ ၁၁ အိမ်၊ မြင်း ၂ အိမ်၊ ဝက် ၅၂ အိမ် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီ အလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၈ | ***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁ | (ဆိုင်ကယ်ပြုပြင်သည့် လုပ်ငန်းလုပ်ကိုင်သည်။ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | *အိမ်ထောင်စု* | % | | |
| | | | | | အပိုပစ္စည်းများစုံလင်စွာ တွဲရောင်းနိုင်လျှင်တွက်ခြေပိုကိုက်သည်။) |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃.၈၅ % | ၁ | ကုန်စုံဆိုင်၊ အိမ်ဆိုင်၊ |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၄ | *အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | |
| | ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | တွဲဖက်အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | *အိမ်ထောင်စု* | % | | |
| ၁၅ | **ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၆% | | အထွေထွေအုပ်ချုပ်ရေး၊စိုက်ပျိုးရေးဌာနများတွင်လုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၆ | *ပညာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၄ % | | ပညာရေးဝန်ထမ်းလုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၇ | *ကျန်းမာရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၈ | *လူမှုရေး လုပ်ငန်းများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၂.၂၅ % | | သင်းအုပ်ဆရာလုပ်ကိုင်သည်။ |
| | မိသားစုဝင် လုပ်အား | | | | |
| ၁၉ | **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂၀ | ၂၆.၂၅ % | | ကျပန်းလုပ်ငန်းအစုံလုပ်ကိုင်ကြသည်။ရာသီအလိုက်ပြောင်းလဲလုပ်ကိုင်ကြသည်။ |
| | မိသားစုဝင် လုပ်အား | | | | |
| ၂၀ | **ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | |
| | မိသားစုဝင် လုပ်အား | | | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

ဝလံတဲကျေးရွာတွင် နေထိုင်သောအိမ်ထောင်စုများသည် လယ်လုပ်ငန်း၊ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများအဓိကလုပ်ကိုင်ပြီး၊ အသက်မွေးဝမ်းကြောင်းပြုကြသည်။ အိမ်ထောင်စုပေါင်း (၈၀) ရှိပြီး၊ လယ်လုပ်ငန်းလုပ်ကိုင်သူ (၁၇) ဦး၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူ (၃၂) ဦးနှင့် ကျပန်းလုပ်ကိုင်သူ (၂၁) ဦးရှိကြောင်းသိရှိရပါသည်။ အစိုးရဝန်ထမ်းအချို့နှင့် ခရစ်ယာန်ပါစတာလုပ်ကိုင်သူတစ်ချို့ ရှိကြောင်းလည်းသိရှိရပါသည်။

## (၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

### (၁.၃.၁) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးနိုင်သောမြေဧရိယာ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၄၀ | ကောင်း | ရ | ၄၀(ချောင်းငယ်ရေ) |
| ယာ | - | - | - | - |
| ဥယျာဉ် | ၉၆ | သင့် | မရ | မရှိ |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| ရွှေ့ပြောင်း တောင် ယာ | ၁၅၅ | သင့် | မရ | မရှိ |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| ဖုန်းဆိုးမြေ | - | - | - | - |
| အခြားသစ် တောမြေ | ၁၂၀၀ | - | - | - |
| အခြား | - | - | - | - |
| **စုစုပေါင်း** | **၁၄၉၁** | - | - | - |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

မိုးရာသီတွင်ချောင်းရေများကို သွယ်ယူပြီးလယ်စပါးကိုစိုက်ပျိုးကြသည်။ စိုက်ပျိုးမြေကို ရွှေ့ပြောင်းတောင်ယာနှင့်လယ်မြေဟူ၍အဓိကနှစ်မျိုးခွဲရမည်ဖြစ်သည်။ တောင်ယာစပါးကိုပိုမိုလုပ်ကိုင်ကြသည်။လယ်မြေနှင့်တောင်ယာများရှိမြေဆီဩဇာမှာအသင့်အတင့်ကောင်းမွန်မှုရှိသည်။ဥယျာဉ်ခြံမြေများတွင်ငှက်ပျော၊နာနတ်၊သရက်၊နာနတ်နှင့်လိမ္မော်ပင်များကိုစိုက်ပျိုးကြသည်။စီးပွားဖြစ်ရောင်းချခြင်းမျိုးမရှိဘဲ၊စားဖို့သက်သက်သာစိုက်ပျိုးကြကြောင်းသိရှိရသည်။အနည်းငယ်သာရောင်းချပြီး၊သီးနှံများပိုလျှံမှုရှိ ကြောင်းသိရှိရသည်။

### (၁.၃.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု(များ/သင့်/နည်း/မရှိ) | လက်လှမ်းမှီနိုင်မှု(လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | နည်း | ခက် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | ခက် |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | ခက် |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

ပင်ချောင်းမှသဲများ ထုတ်လုပ်နိုင်သော်လည်း သယ်ယူပို့ဆောင်ရေး လမ်းကြောင်းမကောင်းသဖြင့်လိုအပ်မှသာသွားဖော်ကြသည်။ သမင်၊ ဂျီ၊ တောဝက်၊ တောင်ဆိတ်နှင့် မျောက်စသည့် တောကောင်များရှိနေသေးသည်။ဝဥနှင့်သစ်ခွပန်းစသည့်တန်ဖိုးရှိတောထွက်ပစ္စည်းများရှိသေးသည်။

### (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား(၅) ဥစ္စာဓနအဆင့်အနေအထား

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | လယ်(၅)ဧကတောင်ယာ(၅–၁၀)ဧက | လယ်(၂)ဧကတောင်ယာ(၂–၄)ဧက | လယ်(၁)ဧကအောက်တောင်ယာ(၂)ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး၊သံဖိနပ် | ပျဉ်ကာ၊ပျဉ်ခင်း၊ သွပ်မိုး | ဝါးကာ၊ပျဉ်ခင်း၊ သွပ်မိုး | ဝါးကာ၊ဝါးခင်း၊သက်ကယ်မိုး |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လက်တွန်းထွန်စက်၊ဆန်စက်၊ ပေါက်တူး၊ပေါက်ပြား၊ဓား | ပေါက်တူး၊ပေါက်ပြား၊ဓား | ပေါက်တူး၊ပေါက်ပြား၊ဓား | ပေါက်တူး၊ ပေါက်ပြား၊ဓား |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| စီးပွားရေးလုပ်ငန်း | တောင်ယာ ကျပ်သိန်း(၂၀) | တောင်ယာ ကျပ်သိန်း(၁၅) | တောင်ယာ ကျပ်သိန်း(၁၀) | ကျပန်းကျပ် သိန်း(၆) |
| အခြားပိုင်ဆိုင်မှု | ဆိုင်ကယ်၊ဖုန်း၊တီဗွီ၊ဆိုလာ၊ဘက္ထရီ၊ စလောင်း၊ရေဒီယို နွားနောက်၊ကျွဲ | ဆိုင်ကယ်၊ဖုန်း၊တီဗွီ၊ဆိုလာ၊ဘက္ထရီ ကျွဲ | ဆိုလာ၊ဘက္ထရီ | – |
| ဝမ်းစာဖူလုံမှု | ၁၂လ(A) | ၈လ(B) | ၆လ(C) | ၃လအောက် (D) |
| **အိမ်ထောင်စု (၈၀)** | **၁၆ (၂၀%)** | **၂၄ (၃၀%)** | **၂၉ (၃၆.၂၅%)** | **၁၁ (၁၃.၇၅%)** |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

## (၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား(၆) ဝမ်းစာဖူလုံမှု

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁ | ၃% | ဝယ်ယူခြင်း၊ချေးငှားခြင်း၊အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။ |
| ၃လနှင့်၅ လအထိ | ၁၈ | ၆၀% | ဝယ်ယူခြင်း၊ချေးငှားခြင်း၊အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။ |
| ၆လမှ ၁၂ လအထိ | ၁၁ | ၃၇% | တစ်နှစ်ပတ်လုံးဝမ်းစာဖူလုံခြင်းမရှိကြပေ။အများအားဖြင့်(၆-၇)လအထိသာ ချေးငှားခြင်းမပြုကြဘဲ၊ကျန်လများတွင် ပြောင်းဖူးကိုပြောင်းလဲ၍စားသုံးခြင်း၊ ချေးယူခြင်းနှင့်အကြွေးယူခြင်းဖြင့်ဖြေရှင်းကြသည်။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

ဆင်းရဲသောအိမ်ထောင်စု (၁၅)စုနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စု (၁၅)စု ကိုအခြေခံ၍ ဝမ်းစာဖူလုံမှုကိုကောက်ယူထားပြီး၊ တွက်ချက်ထားခြင်းဖြစ်သည်။

## (၁.၅.၂) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား(၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ် နှင့်အထက် | မိသားစုစောင့်ရှောက်မှုမရှိ | ၈ | ၃ | ၁၁ |
| မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | ၁ | ၅ | ၆ |
| | | **အိမ်ထောင်စုအရေအတွက်** | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | | ၉ | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | | ၆ | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသူ | | _ | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁-၂၃၊စက်တင်ဘာ၊၂၀၁၅)

ထိခိုက်လွယ်သော အိမ်ထောင်စုနှင့်ပတ်သက်၍ အသက် (၆၀) နှင့်အထက် ကျား(၈)ဦးနှင့် မ(၃)ဦး၊ စုစုပေါင်း (၁၁)ဦးရှိပါသည်။ ကျေးရွာတွင်မသန်စွမ်းသည့်ပုဂ္ဂိုလ် ကျား(၁)၊ မ (၅)ဦး နှင့် စုစုပေါင်း(၆)ဦးရှိပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု (၉) စုနှင့် မုဆိုးဖိုအိမ်ထောင်စု (၆) စုတို့မှာလည်း ထိခိုက်လွယ်သောပုဂ္ဂိုလ်များဖြစ်ကြောင်းသိရှိရသည်။

## ၁.၅.၃။ ကျေးရွာရှိထိခိုက်လွယ်မှု

ဇယား(၈) ကျေးရွာရှိထိခိုက်လွယ်မှု

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | လယ်သမားများသည်ဝမ်းစာဖူလုံရန်အတွက်သာစိုက်ပျိုးကြပြီးစားသုံးရန်သိုလှောင်ထားကြသည်။လက်လုပ်လက်စားများအတွက်ဝမ်းစာဖူမဖူလုံမှုအနည်းငယ် ဖြစ်တတ်သည်။ |
| ၂ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...) | နိမ့် | ရွှေ့ပြောင်းတောင်ယာစနစ်အသုံးပြုသော်လည်းရှစ်နှစ်မှာတစ်ခါအလှည့်ကျသည့်အတွက်ထိခိုက်လွယ်မှုနိမ့်သည်။လယ်မြေများအတွက်ပင်ချောင်းမှရသွယ်ယူနိုင်သည်။တောတောင်များကျန်ရှိနေသေးသည်။ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၃ | ရေကြီးခြင်း | နိမ့် | မရှိပါ။ |
| ၄ | မိုးခေါင်ခြင်း | နိမ့် | မရှိပါ။ |
| ၅ | မုန်တိုင်း | နိမ့် | မရှိပါ။ |
| ၆ | ငလျင် | နိမ့် | မရှိပါ။ |
| ၇ | မီးဘေး | နိမ့် | မရှိပါ။ |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | မရှိပါ။ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် | တောင်ပေါ်ဒေသဖြစ်သဖြင့်တောင်ယာမြေမြေပြိုခြင်းနှင့်မိုးသည်းထန်စွာရွာသွန်းမှုများကြောင့်မြေဆီလွှာပျက်ယွင်းမှုများ ကြုံရတတ်သည်။ |
| ၁၀ | သစ်တောပြုန်းတီးခြင်း | လတ် | လွှဆွဲခြင်း၊မှောင်ခိုသစ်ခုတ်ခြင်းများကြောင့်သစ်တောပြုန်တီးမှုတဖြည်းဖြည်းများပြားလာသည်။ |
| ၁၁ | ငှက်ဖျားရောဂါ | လတ် | ကလေးများတွင်ငှက်ဖျားရောဂါအဖြစ်များသည်။ |
| ၁၂ | တီဘီရောဂါ | နိမ့် | မရှိပါ။ |
| ၁၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | မရှိပါ။ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | မရှိပါ။ |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | မရှိပါ။ |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် | ဖောက်လုပ်ထားသောကားလမ်းမှာမိုးရာသီ၌ခဏခဏမြေပြိုသဖြင့်ဆိုင်ကယ်များအတွက်ပင်သွားလာရခက်ခဲသည်။လမ်းပန်းဆက်သွယ်ရေးလွန်စွာခက်ခဲသည်။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

### ၁.၅.၄။ မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

ဇယား(၉) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | ပညာဆုံခန်းတိုင်အောင်မသင်ကြားကြရဘဲကျောင်းထွက်နှုန်းများခြင်းကြောင့်ထိခိုက်လွယ်မှုအလယ်အလတ်ရှိသည်။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် | အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများသည်ဝမ်းစာမဖူလုံမှုမြင့်မားကြသဖြင့်ထိခိုက်လွယ်မှုမြင့်မားကြသည်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ် | နေ့စဉ်ဝင်ငွေ(သို့)ပုံမှန်ဝင်ငွေမရရှိကြသဖြင့်နာမကျန်းဖြစ်သည့်အခါမိသားစုထိခိုက်လွယ်သည်။ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | မရှိပါ။ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မရှိပါ။ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | နိမ့် | မရှိပါ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ(IDP) | နိမ့် | မရှိပါ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိပါ။ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | မရှိပါ။ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်း | လတ် | လက်လုပ်လက်စားများအတွက်လုပ်ငန်းခွင်လုံခြုံမှုမရှိခြင်းနှင့်ဝင်ငွေပုံမှန်မရရှိခြင်းတို့ကြောင့်ထိခိုက်လွယ်မှုရှိကြသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိပါ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | နိမ့် | မရှိပါ။ |
| ၁၃ | နယ်စပ်ဒေသ | နိမ့် | မရှိပါ။ |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | မရှိပါ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မရှိပါ။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | လတ် | ပြင်ပတွင်သွားရောက်လုပ်ကိုင်နေသူများသည်ကူးစက်ရောဂါရရှိနိုင်မှုအလယ်အလတ်တွင်ရှိနိုင်ပါသည်။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူ များ | နိမ့် | မရှိပါ။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | လတ် | အခြားနိုင်ငံသို့သွားရောက်လုပ်ကိုင်သောရွှေ့ပြောင်းလုပ်သားများသည်ရက်ကျော်နေထိုင်ခြင်း၊အလုပ်ခွင့်ပြုမိန့်ဗီဇာကျော်လွန်ခြင်းများကြောင့်ထိ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| | | | ခိုက်နိုင်မှုရှိတတ်ပါသည်။ |
| ၁၉ | ကားသမား | နိမ့် | မရှိပါ။(ကျေးရွာတွင်ကားသမားများမရှိ) |
| ၂၀ | | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

## (၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေများ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ခရစ်ယာန်ဂိုဏ်းပေါင်းစုံကော်မတီ | ၃ | ၆ | – | ၆ | ခရစ်ယာန်ဘာသာရေး | ၄ | ၇ |
| ၂ | လူငယ်အဖွဲ့ကော်မတီ | ၂ | ၄ | ၃ | ၇ | လူမှုကူညီရေး၊ကျေးရွာသန့်ရှင်းရေး၊ပွဲလမ်းသဘင်များ | ၄ | ၇ |
| ၃ | ကျောင်းကော်မတီ | ၂ | ၅ | ၄ | ၉ | ကျောင်းနှင့်သက်ဆိုင်သောကိစ္စအဖြာဖြာ | ၄ | ၇ |
| ၄ | လယ်ယာကော်မတီ | ၂ | ၇ | – | ၇ | စိုက်ပျိုးရေရရှိရေးအတွက်ကြိုးစားလုပ်ဆောင်သည်။ | ၄ | ၈ |
| ၅ | မီးလင်းရေးကော်မတီ | ၂ | ၉ | – | ၉ | ကျေးရွာရေအားလျှပ်စစ်ပြုပြင်ထိန်သိမ်းရေး | ၄ | ၇ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၆ | မြေယာကော်မတီ | ၂ | ၅ | – | ၅ | တောင်ယာစီမံခန့်ခွဲမှု။ | ၄ | ၈ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

**ခရစ်ယာန်ဂိုဏ်းပေါင်းစုံကော်မတီ။** ။အသင်းတော်(၆)ပါးပါဝင်ပြီးစုပေါင်ဝတ်ပြုခြင်း၊ဆုတောင်းခြင်း စသည့်ဘာသာရေး ကိစ္စများကိုလုပ်ကိုင်ဆောင်ရွက်သည်။

**လူငယ်အဖွဲ့ကော်မတီ။** ။လူမှုကူညီရေး(နာရေးအခိက)၊ကျေးရွာသန့်ရှင်းရေး၊ပွဲလမ်းသဘင်များတွင်တေးဂီတအတီးအမှုတ်အဆိုတာဝန်ယူပေးခြင်းစသည်များဆောင်ရွက်သည်။ကျေးရွာရှိလူငယ်အား လုံးပါဝင် သည်။လူငယ်အဖွဲ့တွင် ကျား(၄)၊မ(၃)နှင့်စုစုပေါင်း(၇)ဦးဖြင့်ဖွဲ့စည်းထားသည်။

**ကျောင်းကော်မတီ။** ။မိဘများနှင့်ဆရာဆရာမများကကျောင်းပရိဘောဂ၊အဆောက်အဦပြုပြင်ခြင်းနှင့် ကျောင်းကိစ္စအဖြာဖြာဆောင်ရွက်ပေးရန်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**လယ်ကော်မတီ။** ။လယ်ယာပိုင်ဆိုင်သူများကဖွဲ့စည်းထားခြင်းဖြစ်ပြီးလယ်ယာမြေရေရရှိရေးတစ် ခုတည်းကိုဦးတည်လုပ်ကိုင်ကြသည်။

**မီးလင်းရေးကော်မတီ။** ။ကျေးရွာရေအားလျှပ်စစ်ပြုပြင်ထိန်သိမ်းရေးနှင့်ရွာတွင်းမီးများပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများကိုဆောင်ရွက်ကြသည်။

**မြေယာကော်မတီ။** ။ရွှေ့ပြောင်းတောင်ယာစနစ်ကျင့်သုံးကြပြီးစိုက်ကွက်(Lopil=Collective plot)ရှစ်ကွက်ရှိသည်။၎င်း(၈)ကွက်များကိုအလှည့်ကျစနစ်ဖြင့်ခုတ်ထွင်စိုက်ပျိုးခြင်းအတွက်အလှည့်ကျကွက်များသတ်မှတ်ခြင်း၊မြေယာပြဿနာရှိသူများအတွက်ဖြေရှင်းပေးခြင်းများဆောင်ရွက်ကြသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညှဲ့ (အားနည်း)

## (၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား(၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ကြက်ခြေနီ | ၂ | ကိုယ်ဝန်ဆောင်မိခင်များနှင့်ငါးနှစ်အောက်ကလေးများကာကွယ်ဆေးတိုက်ကျွေးခြင်း များလုပ်ဆောင်ပေးသည်။ |
| ၂ | အာရုဏ်ဦး | ၂ | လယ်ဆည်၊ခြံစည်းရိုးကာပေးခြင်း၊ရေပိုက်ပံ့ပိုးပေးခြင်း၊လယ်ယာမြေများခြံစည်းရိုးကာပေးခြင်းများလုပ်ဆောင်သည်။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

**ကြက်ခြေနီ**။ ။ကိုယ်ဝန်ဆောင်မိခင်များနှင့်ငါးနှစ်အောက်ကလေးများကာကွယ်ဆေးတိုက်ကျွေးခြင်းများအားဆောင်ရွက်ပေးသည်။ကျေးလက်ကျန်းမာရေးလုပ်သားတစ်ယောက်ရွာတွင်ရှိသည်။

**အာရုဏ်ဦး**။ ။မတူပီမြို့တွင်အခြေစိုက်သောအစိုးရမဟုတ်သည့်ပြင်ပအဖွဲ့အစည်းဖြစ်ပြီးပတ်ဝန်းကျင်ထိန်းသိမ်းရေး၊သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ဝင်ငွေရသီးနှံစိုက်ပျိုးရေးများအတွက်လုပ်ငန်းများအားပံ့ပိုးမှုပေးနေသည်။

**မှတ်ချက်**။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ ( ဥပမာ - ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## (၂.၂) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

### (၂.၂.၁) စိုက်ပျိုးရေးသီးနှံ

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား(၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၂၆ | ၃၂.၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၁၄ | ၁၇.၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ - ၅ ဧကထိ (၂ ဟတ်တာထိ) | ၁၉ | ၂၃.၇၅% | တောင်သူငယ် |
| ၄ | ၅ဧကမှ-၁၂.၅ဧကကြား (၂-၅ ဟတ်တာထိ) | ၁၇ | ၂၁.၂၅% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧကအထက်(၅ ဟတ်တာနှင့် အထက်) | ၄ | ၅% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၈၀** | **၁၀၀ %** | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

လယ်ယာနှင့်တောင်ယာမြေများမှာ မိသားစုဘိုးဘွားပိုင်ဆိုင်မှုကို လက်ဆင့်ကမ်းကြခြင်းဖြစ်သည်။ မြေယာမဲ့တစ်ချို့အားတောင်သူကြီးများက မြေကွက်ငှားရမ်းလုပ်ကိုင်စေမှုများရှိသည်။ မြေသြဇာအသုံးပြုမှုမရှိသလောက်ဖြစ်သည်။ (၁၀) ဧကနှင့်အထက်ပိုင်ဆိုင်သောတောင်သူကြီး(၄)ဦးရှိကြောင်းကျေးရွာတွင်တွေ့ရှိရသည်။ အများစုမှာ(၂-၅)ဧကကြားပိုင်ဆိုင်ကြသည်။

#### (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား(၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | – | – | – |
| ၂ | ရေလွှဲဆည် | – | – | – |
| ၃ | မြစ်ရေတင်စီမံကိန်း | – | – | – |
| ၄ | ဆည်မြောင်း | – | – | – |
| ၅ | အဝီစိတွင်း | – | – | – |

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ ရာသီအလိုက်) |
|---|---|---|---|---|
| ၆ | လက်ငင် ရေတွင်း | – | – | – |
| ၇ | စိမ့်စမ်းရေ | – | – | – |
| ၈ | ချောင်းရေသွယ်ယူခြင်း | ပုဂ္ဂလိက | ၄၀ | ရာသီအလိုက် |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

မိုးစပါးများအတွက် ပင်ချောင်းမှရေသွယ်ယူပြီး စိုက်ပျိုးကြသည်။ စုစုပေါင်းလယ်စပါး စိုက်ဧက (၄၀) ရှိပါသည်။ တောင်ယာစပါးများအတွက် မိုးရေကိုသာအဓိကအားထားကြသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| လယ်စပါး | ၄၀ | ပုံး | ၆၀ | ၁၀၀ | ၈၀ | ဇွန်လမှနိုဝင်ဘာလအထိ (၅လ) | လတ် | နိမ့် | ကျွဲတစ်ရှည်း+လူတစ်ဧက ၆၀၀၀၀ ကျပ်ကုန်ကျသည်။ |
| တောင်ယာစပါး | ၁၅၅ | ပုံး | ၂၀ | ၄၀ | ၃၀ | မတ်လမှစက်တင်ဘာ(၇လ) | နိမ့် | နိမ့် | လယ်လုပ်ငန်းထက်လုပ်အားလိုအပ်ချက်မြင့်မားသည်။ |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

လယ်စပါးတွင် တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၈၀) ပုံးဝန်းကျင်ထွက်ရှိပြီး၊ သွင်းအားစုလိုအပ်ချက်မှာ အလယ်အလတ်တွင်ရှိသည်။ လူငှားစရိတ်နှင့် ကျွဲငှားခမြင့်မားမှုကြောင့် အမြတ်ရရှိမှုနိမ့်ပါးကြသည်။ ၎င်းအပြင်ဒေသမျိုးစပါးမျိုးများကိုသာ အဓိကစိုက်ပျိုးကြသဖြင့်၊ ဈေးကောင်းမရရှိပေ။ တောင်ယာစပါးတွင်လယ်လုပ်ငန်းထက် လုပ်အားလိုအပ်ချက်မြင့်မားပြီး၊ တစ်ဧကပျမ်းမျှ

အထွက်နှုန်းမှာ (၃၈) ပုံးဝန်းကျင်ထွက်ရှိကြောင်းသိရှိရသည်။ စပါး (၂)ပုံး တွင်တစ်တင်းရှိပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား(၁၅) လယ်ယာသုံးစက်ကိရိယာများ

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | - | - | - |
| ရိတ်သိမ်းစက် | - | - | - |
| လက်တွန်းထွန်စက် | - | ၂ | အာရုဏ်ဦးအဖွဲ့မှထောက်ပံ့သည်။ |
| ခြွေလှေ့စက် | - | - | - |
| ရေစုပ်စက် | - | - | - |
| ခြေနင်းရေတင်စက် | - | - | - |
| မျိုးစေ့ချစက် | - | - | - |
| မြက်ရိတ်စက် | - | - | - |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

လယ်ယာလုပ်ငန်းအတွက် အဓိကကျွဲကိုသာအားကိုးနေရဆဲဖြစ်ပြီး စက်မှုလယ်ယာလုပ်ငန်းနှင့် အလှမ်းကွာဝေးနေသေးသည်ကိုသိရသည်။ အာရုဏ်ဦးအဖွဲ့မှထောက်ပံ့ပေးသော လက်တွန်းထွန်စက် (၂) လုံးအားအလှည့်ကျအသုံးပြုကြသည်။

## (၂.၂.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အထောက်အပံ့ပေးနိုင်သည့် အခြေအနေကောင်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊သြဇာ) | ရှိ | လယ်မြေတိုးချဲ့ရန်မြေရိုင်းများကျန်ရှိနေသေး သည်။ |
| ရေအရင်းအမြစ် | ရှိ | စိုက်ပျိုးရေအားပင်ချောင်းမှရေသွယ်ယူနိုင်သည်။ |
| သဘာဝမြေဆွေး၊ သြဂဲနစ် | မရှိ | မရှိပါ။ |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | |
| ချေးငွေရရှိမှု | မရှိ | |
| သွင်းအားစုဈေးကွက် | မရှိ | |
| ဝန်ဆောင်မှုဈေးကွက် | မရှိ | |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | အနီးဆုံးဈေးကွက်မတူပီမြို့တွင်ထွက်ကုန်များအား ရောင်းချကြသည်။ |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

ဝဥစိုက်ပျိုးရေးသည်ဒေသနှင့် ကိုက်ညီမှုရှိသည်အပြင် တောင်သူအများစုကလည်း စိုက်ပျိုးရန်စိတ်ဝင်စားမှုရှိသဖြင့် ဝဥစိုက်ပျိုးရေးအတွက် နည်းပညာနှင့် ငွေကြေးဝန်ဆောင်မှုများ ပြုလုပ်ပေးခြင်းသည် အလွန်ဆီလျော်မှုရှိမည်ဖြစ်ပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | မရှိ | |
| ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု | ရှိ | မည်သည့်စိုက်ပျိုးရေးချေးငွေအစီအစဉ်မျှရဖူးခြင်းမရှိ။ |
| သွင်းအားစုတတ်နိုင်မှု | ရှိ | မတူပီမြို့မှာပင်စိုက်ပျိုးရေးဆေးဆိုင်မရှိခြင်း။ |
| ကျွမ်းကျင်လုပ်သားရှားပါးမှု | ရှိ | စိုက်ပျိုးရေးနည်းပညာတတ်ကျွမ်းသူမရှိခြင်း။ |
| ဆည်မြောင်းရေရရှိမှု | ရှိ | ဆည်မြောင်းရေရရှိမှုမရှိပါ။ |
| မိုးရေမလုံလောက်မှု | မရှိ | |
| စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု | ရှိ | မတူပီမြို့မှာပင်စိုက်ပျိုးရေးဆေးဆိုင်မရှိပါ ။ |
| ဖျက်ပိုးနှင့်ရောဂါ | ရှိ | တောင်ယာစပါးများပိုးကျတတ်ခြင်း။ |
| နည်းပညာအကူအညီနှင့်နည်းလမ်းများ | ရှိ | စိုက်ပျိုးရေးနည်းပညာတတ်ကျွမ်းသူမရှိခြင်း။ |
| ဈေးကွက်လက်လှမ်းမှီမှု | ရှိ | မတူပီမြို့မှမိုင်၂၀ကျော်ဝေးခြင်း။ |
| အစိုးရမူဝါဒနှင့်စီမံချက်အထောက်အပံ့များ | မရှိ | |
| အခြား(၁) | | |
| အခြား(၂) | | |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

### (၂.၂.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား(၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | – | – |
| မြင်း | ၂ | ၂ ကောင် |
| ကျွဲ | ၁၁ | ၃၁ ကောင် |
| မြည်း | – | – |
| လား | – | – |
| ဆိတ် | – | – |
| သိုး | – | – |
| ဝက် | ၅၂ | ၉၃ ကောင် |
| ကြက် | ၄၀ | ၁၂၉ ကောင် |
| ဘဲ | ၂ | ၂ ကောင် |
| နွားနောက် | ၂၁ | ၇၇ ကောင် |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | – | – |
| ပုဇွန်ကန် | – | – |
| ရေချိုငါးဖမ်းလုပ်ငန်း | – | – |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | – | – |
| ဂဏာန်းမွေးမြူရေးလုပ်ငန်း | – | – |

ရည်ညွှန်း- ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ(၂၁–၂၃၊စက်တင်ဘာ၊၂၀၁၅)

### (၂.၂.၂.၂) မွေးမြူရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

